# ဓမ္မခန္ဓာ (၈၇) အထွဋ်အထိပ် (အလ်–အအ်လာ)

ဥဒေါတ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈)၊ သုတ်ဒေသနာ (၁၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်—[၁း၁]

| | |
|---|---|
| ၁။ | **سَبِّحِ اسْمَ رَبِّكَ الْأَعْلَى۝**<br>အထွဋ်အထိပ် ဖြစ်တော်မူသော ကံကြမ္မာရှင်၏ ဂုဏ်တော်အား ဦးထိပ်ထားလော့။ |
| ၂။ | **الَّذِي خَلَقَ فَسَوَّى۝**<br>အရှင်သည် ဖြစ်တည်စေ၏။ ပေါ်လွင်ပုံပေါ်စေ၏။ |
| ၃။ | **وَالَّذِي قَدَّرَ فَهَدَى۝**<br>အရှင်သည် စည်းချိန်ချပေး၏။ လမ်းညွှန်ပေး၏။ [၁၄၈] |
| ၄။ | **وَالَّذِي أَخْرَجَ الْمَرْعَى۝**<br>အရှင်သည် ကျက်စားရာကို ထုတ်လုပ်ပေး၏။ |
| ၅။ | **فَجَعَلَهُ غُثَاء أَحْوَى۝**<br>ထို့နောက် ၎င်းကို ခြောက်သွေ့လျှက် ဖုတ်ရောင်ထစေ၏။ |
| ၆။ | **سَنُقْرِؤُكَ فَلَا تَنسَى۝**<br>သင် မမေ့ပျောက်ရန်  ငါအရှင်သည် သင့်အား ရွတ်အံပြသည်မှာ—[၁၄၉] |
| ၇။ | **إِلَّا مَا شَاء اللَّهُ إِنَّهُ يَعْلَمُ الْجَهْرَ وَمَا يَخْفَى۝**<br>ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခြင်းမှသာ ဖြစ်၏။ ကေန်ပင် အရှင်သည် ထုတ်ဖေါ်ရာ ဖုံးဖိထားရာတို့ကို သိနေတော်မူ၏။ |

---

**(၁၄၈)** သုတ်တော် ၂ နှင့် ၃ သည် ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေခြင်း နိယာမ အဆင့် လေးဆင့်ကို ဖေါ်ပြပေသည်။ အရှင်သည် လူသားကိုသာမက ရှိလေသမျှသော စကြာဝဠာ အားလုံးအတွက် (၁) စတင် ဖြစ်တည်စေခြင်း နိယာမကို ချမှတ်သည်၊ (၂) ပုံသဏ္ဍာန်ပေါ်လွင်စေခြင်း ရုပ်ကိုယ်ထည်ကို ဖြစ်သည့် နိယာမကို ပြဋ္ဌာန်းထားသည်။ (၃) ထို့နောက် ထိုအရာအတွက် စည်းချိန် ဥပဒေ ချမှတ်ပေးထားသည်၊ (၄) ထိုအရာတိုင်း အတွက် လမ်းညွှန်– လမ်းပြထားပေသည်။ ထိုအချက်များထဲတွင် လူသားသည် စကြာဝဠာ အားလုံးအတွက် အထူးကိုယ်စားလှယ် ဖြစ်ခြင်းကြောင့် (ဖိး၁၆၆) လူသားအား လောကအားလုံးအတွက် ဦးဆောင်နိုင်ရန် လမ်းညွှန်ချက် ကျမ်းမြတ်ကုရ်အာန်အား ပြဋ္ဌာန်းပေးထားခြင်း ဖြစ်ပေသည်။

**(၁၄၉)** ဤသုတ်တော်သည် ကိုယ်တော်မုဟမ္မဒ်ထံသို့ ချမှတ်ပေးသော ဝဟီခေါ် ဥဒေါတ်စဉ်တော်များမှာ လုံးဝ အာမ ခံထားခြင်း ဖြစ်ပေသည်။ ကိုယ်တော်သည် လူသားဖြစ်သည့် အတွက် လူသားသဘာဝ မေ့တတ်လျော့တတ်မှုများ ရှိမည်မှာ သေချာသည်၊ သို့သော် ကိုယ်တော့ထံသို့ ကိန်းဝပ်ချမှတ်ပေးသော ဥဒေါတ်စဉ်တော်များကိုကား ကိုယ်တော်သည် လုံးဝမေ့လျော့ခြင်း မရှိချေ။ သို့ဖြစ်၍– ကိုယ်တော့ထံမှ တဆင့် ဥဒေါတ်စဉ်ကိန်းဝပ်ပေးသော ဤကုရ်အာန်မှာ ယနေ့ထိတိုင် ခိုင်မာစွာ တည်မြဲကျန်နေခြင်း ဖြစ်ပေသည်။ ကိုယ်တော့ထံမှ တစ်ဆင့် လူသားအားလုံးအတွက် ချမှတ်ပေးသော လမ်းညွှန်ကျမ်းကြီး ကျမ်းမြတ် ကုရ်အာန်မှာ အလ္လာဟ်အရှင်၏ ထံမှ လူသားများအတွက် စံချိန်စံညွှန်းမှီစေသော လမ်းညွှန်ချက် လမ်းပြချက် များသာ ဖြစ်သည်ဟု– သုတ်တော် (၇)တွင် ဆက်လက်ပြောဆိုထားပေသည်။

| | |
|---|---|
| ၈။ | وَنُيَسِّرُكَ لِلْيُسْرَى۝<br>ငါသည် သင့်အား လွယ်ကူမှုဖြင့် လွယ်ကူစေတော်မူလတ္တံ့။ |
| ၉။ | فَذَكِّرْ إِن نَّفَعَتِ الذِّكْرَى۝<br>သို့ဖြစ်၍ သတိပေါ်ပေးလော့၊ သတိပေါ်ပေးခြင်းသည် အကျိုးဖြစ်ထွန်းစေ၏။ |
| ၁၀။ | سَيَذَّكَّرُ مَن يَخْشَى۝<br>ကြောက်ရွံ့ရိုကျိုးတတ်သူသည် သတိရကောင်းနိုင်၏။ |
| ၁၁။ | وَيَتَجَنَّبُهَا الْأَشْقَى۝<br>ကံအဆိုးဆုံးသူသည်သာ ၎င်းကို ရှောင်ရှား၏– |
| ၁၂။ | الَّذِي يَصْلَى النَّارَ الْكُبْرَى۝<br>သူသည် ကြီးမားသော အပူမီးနှင့် တစ်သားတည်း ဖြစ်ရလျက်– |
| ၁၃။ | ثُمَّ لَا يَمُوتُ فِيهَا وَلَا يَحْيَى۝<br>ထို၌ သူသည် မသေ မရှင် ခံစားရလတ္တံ့။ |
| ၁၄။ | قَدْ أَفْلَحَ مَن تَزَكَّى۝<br>မုချပင် အောင်မြင်မည့် သူမှာ စင်ကြယ်၍– |
| ၁၅။<br>☆၂း၃ | وَذَكَرَ اسْمَ رَبِّهِ فَصَلَّى۝<br>ကံကြမ္မာရှင်၏ ဂုဏ်တော်အား သတိရရှုမှတ်လျက်– ထို့နောက် စိတ်လေ့ကျင့်မှုပြု၏။☆ |
| ၁၆။ | بَلْ تُؤْثِرُونَ الْحَيَاةَ الدُّنْيَا۝<br>အမှန်မှာ သင်တို့သည် လောကီသက်တမ်း၌ မျက်နှာလိုက်နေ၏။ |
| ၁၇။ | وَالْآخِرَةُ خَيْرٌ وَأَبْقَى۝<br>နောင်ဘဝသည်ကား ပိုမိုကောင်းမြတ်၏၊ သာ၍ တည်မြဲ၏။ |
| ၁၈။ | إِنَّ هَذَا لَفِي الصُّحُفِ الْأُولَى۝<br>ကေန်ပင် ဤသည် ရှေးဦးပထမ ကဏ္ဍာကျမ်းငယ်များ ဖြစ်သော– |
| ၁၉။ | صُحُفِ إِبْرَاهِيمَ وَمُوسَى۝<br>အီဗရာဟီးမ်နှင့် မူဆာတို့၏ ကဏ္ဍာကျမ်းငယ်များ၌ ပါရှိ၏။[၁၁၅၀] |

---

(၁၁၅၀) ကိုယ်တော်မုဟမ္မဒ်ပွင့်ပေါ်မည့် အကြောင်းကို ကိုယ်တော်မူဆာ၏ သင်ကြားမှုများ၊ ကိုယ်တော်အီဗရာဟင်၏ သင်ကြားမှုများ၌ ပါဝင်ခဲ့သည်ကို ၂း၄၁ အောက်ခြေနှင့် ၂း၁၂၄ အောက်ခြေများတွင် ကြည့်ပါ။